# ၁၉၅၉ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။ *

[၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၆။]

(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။ နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့်၊ ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေပုဒ်မ ၄ တွင် —

(က) ပုဒ်မခွဲ (၁) ၌၊ "ပြည်သူ့ဝန်ထမ်း တစ်ဦးတစ်ယောက်သည်၊ အောက်ပါတစ်ခုခုကို ပြုလုပ်လျှင်" ဆိုသည့်စကားရပ်အစား၊ "ပြည်သူ့ဝန်ထမ်းတစ်ဦးတစ်ယောက်သည် မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်ဖြစ်စေ၊ အောက်ပါတစ်ခုခုကို ပြုလုပ်လျှင်"၊ ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (၁) ၏ အပိုဒ် (ဃ) တွင်၊ "သို့တည်းမဟုတ် ဖောက်လွှဲဖောက်ပြန်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။ ထို့ပြင်

(ဂ) ရှင်းလင်းချက် ၁ နှင့် ရှင်းလင်းချက် ၂ တို့ကို ပယ်ဖျက်ရမည်။

၃။ ။ အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၄-က ကို ပယ်ဖျက်ရမည်။

၄။ ။ အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၄-ခ အစား၊ အောက်ပါကို ပုဒ်မ ၄-ခအဖြစ် ထည့်သွင်းရမည်။

*ဖမ်းဆီးသောအရာရှိက၊ စာအုပ်စာမှတ် စာတမ်းများ စစ်ဆေးကြည့်ရှုနိုင်သည့် အာဏာ။*

"၄-ခ။ ။ (၁) အခြားတည်ဆဲတရားဥပဒေတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ ရဲအရာရှိတစ်ဦးဦးကဖြစ်စေ၊ တရားဥပဒေအရ၊ ရဲအရာရှိအာဏာများ အပ်နှင်းခြင်း ခံရသောအခြားအရာရှိတစ်ဦးဦးကဖြစ်စေ၊ ဤအက်ဥပဒေအရ ၊ မည်သူ့ကိုမဆို ဖမ်းဆီးခဲ့သော် အဆိုပါ အရာရှိသည်၊ မိမိသင့်သည်ဟု ထင်မြင်လျှင် —

(က) ထိုဖမ်းဆီးခြင်းခံရသူနှင့်၊ သို့တည်းမဟုတ် ထိုသူအပေါ်တွင် မှီခိုနေသူများနှင့်၊ သို့တည်းမဟုတ် ထိုသူနှစ်မျိုးတို့နှင့် သက်ဆိုင်သော၊ ဘဏ်တစ်ခုခု ပိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် ကြီးကြပ်သည့်၊ မည်သည့်စာအုပ်၊ စာမှတ်စာတမ်းကိုမဆို စစ်ဆေးကြည့်ရှုနိုင်သည်၊ သို့တည်းမဟုတ်

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်၊ စာမျက်နှာ - ၁၇၉၉။

(ခ) ဘဏ်၏စာရင်းစာအုပ်များ၊ လိုအပ်သောကောက်နုတ်ချက်များ၏ မိတ္တူမှန်ကိုပေးရန် သော်လည်းကောင်း၊ ထိုဖမ်းဆီးခြင်း ခံရသူ၏၊ သို့တည်းမဟုတ် ထိုသူအပေါ် မှီခို နေထိုင်သူများ၏၊ သို့တည်းမဟုတ် ထိုသူနှစ်မျိုးတို့၏ ငွေစာရင်း၊ ပစ္စည်းစာရင်းများနှင့် စပ်လျဉ်း၍ သိရှိသမျှအကြောင်းအရာများကို ပေးရန်သော်လည်းကောင်း၊ ဘဏ်၏ မန်နေဂျာအား၊ သို့တည်းမဟုတ် ကိုယ်စားလှယ်အား ညွှန်ကြားနိုင်သည်၊ သို့တည်း မဟုတ်

(ဂ) ထိုဖမ်းဆီးခြင်းခံရသူ၏အမည်နှင့် ထားရှိသောငွေများကို၊ သို့တည်းမဟုတ် ပစ္စည်းများ ကို၊ သို့တည်းမဟုတ် ထိုသူအပေါ်တွင် မှီခိုနေထိုင်သူများ၏အမည်နှင့် ထားရှိသော ငွေများကို၊ သို့တည်းမဟုတ် ပစ္စည်းများကို အမိန့်မရဘဲ ထုတ်ပေးခြင်း၊ အမည်လွှဲပြောင်း ခြင်းမပြုရန် ဘဏ်၏မန်နေဂျာအား သို့တည်းမဟုတ် ကိုယ်စားလှယ်အားတားမြစ်နိုင် သည်။

ရှင်းလင်းချက် ။ ။ "ဘဏ်" ဆိုသည့်စကားနှင့် "မိတ္တူမှန်" (Certified copy) ဆိုသည့် စကားရပ်၏အဓိပ္ပါယ်သည်၊ ဘဏ်နှင့်ဆိုင်သောစာအုပ်များ သက်သေခံချက်အက်ဥပဒေ (The Bankers' Books Evidence Act) တွင် အဓိပ္ပါယ်ရှင်းလင်းဖော်ပြထားသည့် အတိုင်းဖြစ်ရမည်။

(၂) ဘဏ်၏မန်နေဂျာသည်၊ သို့တည်းမဟုတ် ကိုယ်စားလှယ်သည်၊ ဘဏ်ပိုင်ဆိုင်သည့်၊ သို့တည်းမဟုတ် ကြီးကြပ်သည့်စာရင်း၊ စာအုပ်၊ စာမှတ်စာတမ်းများကို စစ်ဆေးကြည့်ရှု ခွင့်ပြုရန်ဖြစ်စေ၊ ဤပုဒ်မအရထုတ်သော ညွှန်ကြားချက်ကို လိုက်နာရန်ဖြစ်စေ၊ ပျက်ကွက်လျှင်၊သို့တည်းမဟုတ် ငြင်းဆိုလျှင်သော်လည်းကောင်း၊ ဤပုဒ်မအရ တားမြစ် ချက်ကို မနာခံလျှင်သော်လည်းကောင်း၊ သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံထိုက်စေရမည်။"

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်။
(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်။)

အမိန့်အရ၊

ပါခိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်၊